# ပြည်သူများ လုံး၀ (လုံး၀) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဩဂုတ်လ (၁၀) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၉-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၁၉:၀၀) နာရီ အချိန်တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ -
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ဓါတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၁၉,၄၆၂ ,၁၁၂) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၇၂၂,၂၈၅) ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ (၈-၈-၂၀၂၀) | COVID-19 ဖြစ်ပွားသူဦးရေ (၉-၈-၂၀၂၀) | COVID-19 ဖြစ်ပွားသူဦးရေ တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | ရောဂါကြောင့် သေဆုံးသူဦးရေ (၉-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၉.၁ | ၄ ၈၃၆ ၉၃၀ | ၄ ၈၉၇ ၉၅၈ | ၆၁ ၀၂၈ | ၁၅၉ ၉၃၀ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၂ ၉၁၂ ၂၁၂ | ၂ ၉၆၂ ၄၄၂ | ၅၀ ၂၃၀ | ၉၉ ၅၇၂ |
| ၃။ | အိန္ဒိယ | ၁ ၃၆၈.၇ | ၂ ၀၈၈ ၆၁၁ | ၂ ၁၅၃ ၀၁၀ | ၆၄ ၃၉၉ | ၄၃ ၃၇၉ |
| ၄။ | ရုရှ | ၁၄၃.၉ | ၈၈၂ ၃၄၇ | ၈၈၇ ၅၃၆ | ၅ ၁၈၉ | ၁၄ ၉၃၁ |
| ၅။ | တောင်အာဖရိက | ၅၉.၃ | ၅၄၅ ၄၇၆ | ၅၅၃ ၁၈၈ | ၇ ၇၁၂ | ၁၀ ၂၁၀ |
| ၆။ | မက္ကဆီကို | ၁၂၈.၉ | ၄၆၂ ၆၉၀ | ၄၆၉ ၄၀၇ | ၆ ၇၁၇ | ၅၁ ၃၁၁ |
| ၇။ | ပီရူး | ၃၂.၉ | ၄၅၅ ၄၀၉ | ၄၆၃ ၈၇၅ | ၈ ၄၆၆ | ၂၀ ၆၄၉ |
| ၈။ | ချီလီ | ၁၈.၃ | ၃၆၈ ၈၂၅ | ၃၇၁ ၀၂၃ | ၂ ၁၉၈ | ၁၀ ၀၁၁ |
| ၉။ | ကိုလံဘီယာ | ၄၉.၈ | ၃၅၇ ၇၁၀ | ၃၆၇ ၁၉၆ | ၉ ၄၈၆ | ၁၂ ၂၅၀ |
| ၁၀။ | အီရန် | ၈၂.၈ | ၃၂၂ ၅၆၇ | ၃၂၄ ၆၉၂ | ၂ ၁၂၅ | ၁၈ ၂၆၄ |

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

မြန်မာနိုင်ငံ၊ အိမ်နီးချင်းနှင့် အာရှဒေသနိုင်ငံအချို့၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၉-၈-၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၈-၈-၂၀၂၀) | (၉-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | |
| (က) | ပါကစ္စတန် | ၂၂၀.၉ | ၂၈၃ ၄၆၉ | ၂၈၄ ၁၀၃ | ၆၃၄ | ၆ ၀၇၄ |
| (ခ) | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၂၅၂ ၅၀၂ | ၂၅၅ ၁၁၃ | ၂ ၆၁၁ | ၃ ၃၆၅ |
| (ဂ) | ဖိလစ်ပိုင် | ၁၀၉.၆ | ၁၂၂ ၇၅၄ | ၁၂၆ ၈၈၅ | ၄ ၁၃၁ | ၂ ၂၀၉ |
| (ဃ) | အင်ဒိုနီးရှား | ၂၆၉.၅ | ၁၂၁ ၂၂၆ | ၁၂၃ ၅၀၃ | ၂ ၂၇၇ | ၅ ၆၅၈ |
| (င) | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ | ၁ ၄၂၀.၁ | ၈၉ ၀၅၇ | ၈၉ ၁၅၁ | ၉၄ | ၄ ၆၈၈ |
| (စ) | စင်ကာပူ | ၅.၉ | ၅၄ ၇၉၇ | ၅၄ ၉၂၉ | ၁၃၂ | ၂၇ |
| (ဆ) | ထိုင်း | ၆၉.၃ | ၃ ၃၄၈ | ၃ ၃၅၁ | ၃ | ၅၈ |
| (ဇ) | ဗီယက်နမ် | ၉၇.၄ | ၇၈၉ | ၈၁၂ | ၂၃ | ၁၀ |
| (ဈ) | မြန်မာ | ၅၄.၃ | ၃၅၉ | ၃၆၀ | ၁ | ၆ |

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံးဝ) မရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါမည်။

**(က)** **တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။**

**(ခ)** **တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။**

**(ဂ)** **(လိုအပ်၍) အပြင်ထွက်ပါက၊ လူစုလူဝေးရှိသည့်နေရာများသို့သွားပါက သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။**

**(ဃ)** **လက်တွင်ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။**

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန